## ꩜ မောဟစရိုက်ရှိသူတို့အတွက် ကျင့်နည်း ꩜

(မဟာဗျူဟသုတ်၊ သုတ္တနိပါတ်၊ ၄၁၈)

မေး ▶ အယူသည်းကြ သူတွေက ဒါမှမှန်သည် ငြင်းကြပြီ။

ကဲ့ရဲ့ခြင်းသာ သူတို့မှာ ရကာနေကြပါသလော?

ချီးမွမ်းခြင်းသာ သူတို့မှာ ရကာနေကြပါသလော?

ဖြေ ❋ ချီးမွမ်းခံရ နည်းငယ်မျှ ရာဂငြိမ်းသည် မစွမ်းပြီ။

ငြင်းခုံမှုမှာ ကျိုးနှစ်ဖြာ ရတာမှန်ပေသည်။

ယင်းကျိုးပြစ်ပါ အေးငြိမ်းရာ ရှုကာငြင်းမှု ပယ်သင့်သည်။

အယူအမှား ဟောကာထား များပြားအယူတွေ။

ပညာရှိဟာ ယင်းယူမှာ စွဲကာမနေပေ။

ကပ်ငြိကင်းကွာ ပုဂ္ဂိုလ်မှာ မှန်စွာအေးချမ်းနေ။

ဒိဋ္ဌ,သုတာ မင်္ဂလာ သာယာ မနှစ်သက်ပါချေ။

သီလဗ္ဗတ ယုံကြသူတွေ။

ကိုယ်နှုတ်စောင့်လျင်း သန့်ရှင်းဆိုပေ။

နွားခွေးအကျင့် ကျင့်၍တထွေ၊

နတ်,စသား ဝပ်တွားကိုးကွယ်နေ။

ဤကျင့်သာတည် မြတ်သည်ကြံပေ

ထိုအယူပင် သန့်စင်ဆိုချေ၊

ဘဝမှာပဲ ကပ်စွဲတည်နေ၊

ပညာရှိ ဖြစ်၏ဝန်ခံပေ။

အလေ့ကျင့်မှ လျှော့ကျသူမှာ၊

ကံချွတ်ယွင်းသွား လှုပ်ရှားနေရာ၊

စင်ကြယ်တ,သ တောင့်တခါခါ၊

သွားဖော်များမှ ကျန်ရစ်သူမှာ၊

မှိုခိုမှိုငြား တသွားတူလှပါ။

လေ့ကျင့်ဖုံဖုံ အလုံးစုံ အကုန်ပယ်ပြီးကာ။

ပြစ်ရှိပြစ်ကင်း ကံနှစ်သင်း ပယ်ခွင်းစွန့်ပြီးကာ။

သန့်ရှင်းစင်ကြယ် မစင်ကြယ် တ,ဖွယ်မရှိပါ။

သမ္မုတိသန္တိလဲ မယူဘဲ နေမြဲရှောင်ကြဉ်ကာ။

နိဗ္ဗာန်ကိုပဲ စိတ်မှာစွဲ နေမြဲနေတော့တာ။

စက်ဆုပ်သဖြင့် ပင်ပန်းကျင့် အသင့်မှီကာဟောကြသည်။

ဒိဋ္ဌိသုတာ မုတပါ မှီကာစင်ကြယ်ဟောကြသည်။

ဥဒ္ဒိသရ ယူဝါဒ ရှိကြသူတို့သည်။

ဘဝဖြာဖြာ သူတို့မှာ တဏှာမကင်း ရှိနေသည်။

တောင့်တလျှက်သာ နေသူမှာ လိုရာမှန်းဆ တမ်းတသည်။

ကြံတွေးမိပြား အာရုံများ လှုပ်ရှားစိုးရိမ်ပူပန်သည်။

ဖြစ်,သေကင်းကွာ ရဟန္တာ ဘယ်မှာတမ်းတ ရှိမည်နည်း။

ဘယ်ကြောင့်ဖြစ်ဖြစ် လှုပ်ရှားလစ် စင်စစ်မရှိတည်း။

မေး ▶ အကြင်ဓမ္မ အချို့က မြတ်လှဆိုကြသည်။
အခြားသူတွေက ယင်းဓမ္မ ဟီနအယုတ် ဆိုကြသည်။
ဝါဒတို့တွင် ဘယ်ယူလျှင် မှန်ပင် သစ္စာဝါဒနည်း?

ဖြေ ❋ ကိုယ့်တရားသာ ပြည့်စုံပါ ခြားမှာယုတ်ညံ့ဆိုကြသည်။
ကိုယ့်အယူသာ မှန်ကန်ပါ ပြောကာနေကြသည်။
သူများရှုတ်ချ ပြောရုံမျှ အယုတ်ဖြစ်ပါလျှင်။
တရားအရ တစ်ဦးမျှ ထူးကြမရှိ ဖြစ်ဖွယ်ပင်။
ကိုယ့်ဝါဒပင် အကောင်းထင် ပြစ်မြင်အခြားဝါဒမှာ။
အယူကွဲပြား ထင်သေးပြား စော်ကားရှုတ်ချရာ။

မိမိတို့အယူသာ ချီးမွမ်းကာ မှန်စွာဖြစ်မည် ဆိုကြလျှင်။
အယူအားလုံးမှာ တူညီစွာ မှန်သာဖြစ်မည်ပင်။
ဝါဒသီးသီးက ဒုက္ခမှ လွတ်ကြသည်ဟုပင်။
ယုံကြည်ယူဆ အားကိုးရ ထင်ကြသောကြောင့်ပင်။

ရဟန္တာအား သူတစ်ပါးက ညွှန်ကြားပေးတာ မရှိပါ။
အယူများမှာ ဆုံးဖြတ်ကာ ယူတာမရှိပါ။
မိစ္ဆာယူစုံ ငြင်းကာခုံ အကုန်လွန်မြောက်နေသည်သာ။
အခြားတရား အရေးထား ထင်မှားမရှိပါ။

သူ၏စိတ်ပါ ရှေးကြောင်းရာ သိတာအမှန်ပင်။
အဘိညာဉ်ဖြင့် မျက်စိဖြင့် မြင်လင့်အမှန်ပင်။
သိမြင်ကြောင်းနှင့် အယူဖြင့် ဖြစ်လင့်သန့်ရှင်း ယုံခြင်းပင်။

တကယ်မြင်ငြား ပုဂ္ဂိုလ်အား ပြီးသွားကိစ္စ မရှိပြီ။
အမှန်ကျော်လင့် နည်းများဖြင့် ဖြစ်သင့်စင်ပြီ ဆိုကြသည်။
ယူမှားကျော်လင့် နည်းမှန်ဖြင့် ဖြစ်သင့်စင်ပြီ ဟောကြသည်။

မြင်သောသူဟာ ရိုးရိုးသာ မြင်မှာရုပ်နာမ်ကို။
မြင်ပြီးသောခါ သာမန်သာ သိတာရုပ်နာမ်ကို။
နည်းပါးများပြား မြင်သော်ငြား မြင်သွားရုံမျှကို။
စင်ကြယ်ခြင်းကား ဉာဏ်ရှင်များ ဟောကြားမရှိဆို။

အယူအမှား ယုံကြည်ငြား ဟောကြားမလွယ်ပေ။
တွေးဆမှတ်ထား အယူမှား ရှေ့သွားပြုလျှက်နေ။
အယူဆရာ ယုံကြည်ကာ မှန်စွာထင်မှတ် ပြောကာနေ။
ဒုက္ခလွတ်ရ ထိုဝါဒ မှန်လှထင်မြင် ယူဆပေ။

ရဟန္တာဟူက ဒိဋ္ဌိတဏှာ အတွေးဟာ မှန်စွာမရှိပြီ။
မိစ္ဆာယူလဲ မလိုက်ဘဲ ဉာဏ်စွဲမိတ်ဆွေမဖွဲ့ပြီ။
မိစ္ဆာယူများစွာ လျစ်လျူကာ မှန်စွာနေတော့သည်။
ပုထုဇဉ်မှာ စွဲမြဲစွာ ယူကာနေကြသည်။

ဂန္ထလေးဖြာ ရဟန္တာ ပယ်ခွါအပ်ပြီးပြီ။
ငြင်းခုံနေဆဲ အများထဲ ဂိုဏ်းကွဲပါဝင် မပြုပြီ။
မငြိမ်သက်စွာ လူထဲမှာ ငြိမ်ကာလျစ်လျူရှုပေသည်။
ပုထုဇဉ်ဟူက စွဲယူကြ သူကစွဲကင်းသည်။

ရှေးအာသဝ စွန့်ပယ်ချ နောက်မှအသစ်မပြုပြီ။
ဆန္ဒာဂတိလဲ မလိုက်ဘဲ ယူစွဲယုံကြည် မဟောပြီ။
မိစ္ဆာယူတွေမှ ကင်းလွတ်ရ လုံးဝပေါ့ပါးသည်။
လောကမှာလဲ မကပ်ဘဲ ကိုယ်ထဲပူပန် မရှိပြီ။

မြင်,ကြား,တွေ့ရ တွေးသိရ ဓမ္မအားလုံးမှာ။
သေမင်းစစ်သည် ကင်းလေပြီ မုနိရဟန္တာ။

ဝန်ထုပ်သုံးဝ ပစ်ကာချ ဒုက္ခကင်းငြိမ်းစွာ။
ပျော်ရွှင်မှုမှ တွေး,တောင့်တ လုံးဝကင်းရှင်းပါ။

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ်  - ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)
https://winmetta.org